Public Health
Seattle & King County

**FACT SHEET**

# ပါတပ်ဆစ် (ကြက်ညှာချောင်းဆိုး)

### ❑ ကြက်ညှာချောင်းဆိုးဆိုတာ ဘာလဲ။

✓ ပါတပ်ဆစ် ("ကြက်ညှာချောင်းဆိုး") သည် ပြင်းထန်သော ချောင်းဆိုးခြင်းကို ဖြစ်စေသည့် တစ်ဦးမှတစ်ဦးသို့ အလွန်လွယ်ကူစွာ ကူးစက်တတ်သော ဗက်တီးရီးယားပိုးကြောင့်ဖြစ်သည့် အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ တစ်မျိုးဖြစ်သည်။

### ❑ ရောဂါလက္ခဏာများ

✓ ရောဂါလက္ခဏာများသည် ရောဂါကူးစက်ခံရသောသူထံသို့ ကူးစက်ပြီး 6 ရက်မှ 21 ရက်အတွင်း(ပျမ်းမျှ 7-10 ရက်) ပေါ်တတ်သည်။

✓ ကြက်ညှာချောင်းဆိုးသည် အအေးမိခြင်း ရောဂါလက္ခဏာများ သို့မဟုတ် ချောက်ခြောက်ဆိုးခြင်းဖြင့် စတင်နိုင်ပြီး နောက်ပိုင်းတွင် ချောင်းဆိုးမှုမှာ ပိုမိုပြင်းထန်လာသည်။ ပြင်းထန်စွာ ချောင်းဆိုးပြီးအခိုက်အတန့်များတွင် ပျို့ခြင်း သို့မဟုတ် အန်ခြင်းလည်း ဖြစ်နိုင်သည်။ ချောင်းဆိုးခြင်းမှာ ညဘက်တွင် ပိုမိုဆိုးရွားနိုင်သည်။ ရောဂါဖြစ်သောသူသည် ချောင်းတစ်ခါဆိုးခြင်းနှင့် နောက်တစ်ခါအကြားတွင် ကျန်းမာပံ့ပေါ်ပြီး ကျန်းမာသည်ဟု ခံစားရနိုင်သည်။ အဖျားမရှိပါ သို့မဟုတ် အဖျားအနည်းငယ်သာရှိနိုင်သည်။

✓ ကျောင်းတွင် ကာကွယ်ဆေးထိုးထားသော ကလေးများ၊ ဆယ်ကျော်သက်များနှင့် အရွယ်ရောက်သူများသည် ကလေးငယ်များလောက် ရောဂါမခံစားရတတ်ပါ။

✓ ကြက်ညှာချောင်းဆိုးရောဂါရှိသော မွေးကင်းစကလေးငယ်များသည် ပြင်းထန်သော ချောင်းဆိုးခြင်း ဖြစ်ချင်မှဖြစ်မည်။ သူတို့တွင် အနည်းငယ်ချောင်းဆိုးခြင်း၊ အစာစားမှု နည်းပါးသွားခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်း သို့မဟုတ် ပြာနှမ်းခြင်းတို့ ဖြစ်နိုင်သည်။

### ❑ ရောဂါမည်သို့ ပြန့်ပွားပါသလဲ။

✓ ကြက်ညှာချောင်းဆိုးသည် ရောဂါရှိသောသူ ချောင်းဆိုးခြင်း၊ နှာချေခြင်း သို့မဟုတ် စကားပြောခြင်းတို့မှ ပါးစပ် သို့မဟုတ် နှာခေါင်းတို့မှ ထွက်လာသော အရည်စက်လေးများမှတစ်ဆင့် ရောဂါပြန့်ပွားပါသည်။

✓ ကြက်ညှာချောင်းဆိုးသည် ရောဂါရှိသောသူ၏ ကုသမှုမခံယူပါက ရောဂါကူးစက်မှုသည် သီတင်းပတ်အချို့ကြာသည်အထိ ပြန့်ပွားနိုင်သည်။

✓ ကြက်ညှာချောင်းဆိုး ရောဂါရှိသည်ဟု အသိအမှတ်ပြုမထားသည့် အရွယ်ရောက်သူများ၊ ကလေးကြီးများနှင့် ကျန်းမာရေးလုပ်သားများထံမှ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအပါအဝင် အခြားသူများထံ ရောဂါကူးစက်စေနိုင်ပါသည်။

### ❑ ရောဂါမည်သို့ ရရှိပါလဲ။

✓ ဗက်တီးရီးယားကို လက်ခံရရှိသောသူသည် ကြက်ညှာချောင်းဆိုးကို ရရှိနိုင်သည်။

✓ ကြက်ညှာချောင်းဆိုးကာကွယ်ဆေးသည် နုနယ်သော နို့စို့ကလေးများကို ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်နိုင်သည်။ သို့ရာတွင် ကြက်ညှာချောင်းဆိုးကာကွယ်ဆေး ထိုးပြီးသူများကိုပင် ရောဂါကူးစက်နိုင်သည်။

✓ အသက်ကြီးသောကလေးများနှင့် အရွယ်ရောက်သူများတွင် ရောဂါဖြစ်ပွားခြင်းမှာ ရောဂါကာကွယ်ဆေး (DTP၊ DTaP) သည် 100% ရာနှုန်းပြည့် ကာကွယ်မှုမပေးနိုင်ပေ။ ၎င်းသည် အချိန်နှင့်အမျှ အာနိသင်လျော့ပါးသွားသည်။

### ❑ မည်သူတွင် အန္တရာယ် အကြီးမားဆုံးဖြစ်ပါသလဲ။

✓ တစ်နှစ်အောက်ငယ်သော နို့စို့ကလေးများတွင် ပြင်းထန်သော ကြက်ညှာချောင်းဆိုးရောဂါ ဖြစ်ပွားပါက ***အလွန်***အန္တရာယ် ကြီးမားသည်။ ဆေးရုံတင်ကုသမှုအပါအဝင် အဆုတ်အအေးမိခြင်း၊ တက်ခြင်း၊ နှင့် ရှားပါးစွာ ဦးနှောက်ပျက်စီးခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်သည်။

✓ ကြက်ညှာချောင်းဆိုးရောဂါ ကူးစက်ခံရခြင်းနှင့် ပြင်းထန်သော ရောဂါများကြောင့် ရောဂါ ခံနိုင်ရည်မရှိသော ကလေးများနှင့် အနည်းအကျဉ်းသာ ခံနိုင်ရည်ရှိသော ကလေးများလည်း အန္တရာယ် ကြီးမားသည်။

✓ မွေးဖွားခါနီး ကိုယ်ဝန်ဆောင်များတွင် ရောဂါဖြစ်ပွားပါက မွေးစကလေးငယ်ထံသို့ ကူးစက်နိုင်သည်။

### ❑ ကုသခြင်း

✓ ရောဂါဖြစ်ပွားမှုအစပိုင်းတွင် ကြက်ညှာတိုက်ဖျက်သည့် ပဋိဇီဝဆေးသည် အခြားသူများထံသို့ ကူးစက်ခြင်းအား လျှော့ချရာတွင် ကူညီနိုင်ပါသည်။

✓ ပဋိဇီဝဆေးများဖြင့် ကုသခံရသော သူများသည် သင့်လျော်သော ပဋိဇီဝဆေးဖြင့် ကုသခြင်းပြီးဆုံးသွားပြီးနောက် ပထမ 5 ရက်အကြာတွင် အခြားသူများထံသို့ မကူးစက်နိုင်တော့ပါ။

### ❑ ကာကွယ်ခြင်း

✓ ကြက်ညှာချောင်းဆိုးရောဂါအတွက် ကာကွယ်ဆေးအပြည့်ထိုးလိုက်ပါ။

- ကလေးများ အသက် 7 နှစ်အရွယ်မရောက်မီ DTaP ကာကွယ်ဆေး 5 ကြိမ်ထိုးသင့်ပါမည်။
- အောက်တွင်ဖော်ပြထားသူများသည် DTaP ကာကွယ်ဆေး တစ်ကြိမ်ထိုးသင့်ပါသည်–
  - ကြက်ညှာချောင်းဆိုးကာကွယ်ဆေး အပြည့်မထိုးခဲ့သော အသက် 7-10 နှစ်အရွယ်ကလေးများ။
  - DTP/DTaP အတွဲလိုက် ထိုးထားပြီးသော အသက် 11-18 နှစ်အရွယ် ဆယ်ကျော်သက်များ။
  - ကိုယ်ဝန်ဆောင်များ၊ မီးဖွားပြီးစမိခင်များ၊ ဖြစ်နိုင်ပါက ကိုယ်ဝန်ဆောင်ကာလ 20 ပတ်ရောက်ပြီးနောက် တတိယသုံးလပတ်အချိန်ကာလ အတွင်း သို့မဟုတ် ဒုတိယသုံးလပတ် နောက်ပိုင်းကာလအတွင်း။
  - အသက် 19 နှစ်နှင့်အထက် အရွယ်ရောက်သူအားလုံး၊ အထူးသဖြင့် အသက် 12 လထက်ငယ်သော ကလေးငယ်များနှင့် နီးကပ်စွာ ထိတွေ့မှုရှိသည့် သို့မဟုတ် ထိတွေ့ဖို့ မျှော်လင့်ထားသည့် လူကြီးများ။
- အထူးသဖြင့် ကလေးငယ်များနှင့် နီးကပ်စွာဆက်ဆံနေရသည့် အိမ်ထောင်စုဝင်များနှင့် အခြားသူများသည် ကာကွယ်ဆေးထိုးရန် အရေးကြီးပါသည်။

✓ သင်သည် ချောင်းဆိုးပြီး နာမကျန်းဖြစ်နေပါက ကလေးငယ်များ၊ မိခင်လောင်းများနှင့် ထိတွေ့ဆက်ဆံခြင်းအား ရှောင်ရှားပါ။ ဆေးရုံများရှိ ကလေးမီးဖွားသည့် မီးနေခန်းများနှင့် ကလေးငယ်များ ထားသောနေရာများသို့ မသွားပါနှင့် သို့မဟုတ် ထိုနေရာများတွင် အလုပ်မလုပ်ပါနှင့်။ ကလေးပြုစုစောင့်ရှောက်ရေး နေရာပတ်ဝန်းကျင်များသို့လည်း မသွားပါနှင့် သို့မဟုတ် ထိုနေရာများတွင် အလုပ်မလုပ်ပါနှင့်။

**အခြားပုံစံများဖြင့်ရရှိနိုင်ပါသည်။**

**ကောင်တီ အရေးကိစ္စများအားလုံးကို ပြည်သူ့ကျန်းမာရေးဌာနသို့ ဖုန်းနံပါတ် (206) 296-4774 သို့ ခေါ်ဆိုခြင်းဖြင့် သတင်းပို့ပါ။**

**Communicable Disease Epidemiology and Immunization Section**
401 Fifth Avenue, Suite 900 • Seattle, WA 98104-2333
**(206) 296-4774** Fax (206) 296-4803 TTY Relay: 711• www.kingcounty.gov/health

Rev 04/12 Ref 04/12 BS